

EAST-WEST SEED

# **Tuta absoluta** (တူတာအက်(ဘ်)စိုလူတာ) ပိုးကာကွယ်နည်းလမ်းညွှန်



MYANMAR

## • တူတာအက်(ဘ်)စိုလူတာပိုးဆိုတာဘာလဲ

Tuta absoluta (တူတာအက်(ဘ်)စိုလူတာ) ပိုး ဆိုသည်မှာ ရွက်ထွင်းပိုး အမျိုးအစားဖြစ်၍ ခရမ်းချဉ်တွင်အဓိကကျရောက်ပြီး ခရမ်း၊ သခွားနှင့် ပဲတွင်လည်းကျရောက်နိုင်ပြီးထိရောက်စွာ မကာကွယ်နိုင်လျှင် ခရမ်းချဉ်အထွက်နှုန်း ၅၀ မှ ၁၀၀ ရာခိုင်နှုန်းအထိ ထိခိုက်နိုင်သည်။



# • ပျက်စီးမှုနှင့် လက္ခဏာများ

## အရွက်များ

လောက်ကောက်များ ဖျက်ဆီးမှုသည် အရွက်ပေါ်တွင်ကြီးမားသောအကွက်မှ တစ်ရွက်လုံးထိရှိနိုင်ပြီး ထိုပုံသဏ္ဌာန်မမှန်သောလမ်းကြောင်းများကြောင့် အစာချက်လုပ်မှု လျော့နည်းစေသည်။











ကျွာခြားချက်မှာ ဘယ်ဘက်ခြမ်းရှိခရမ်းချဉ်ရွက်တွင်ပိုးဖက်ဆီးထားသော လိုင်ခေါင်းသည် Tuta absoluta (တူတာအက်(ဘ်)စိုလူတာထက် ကျဉ်းမြောင်းသည်ကို တွေ့နိုင်သည်။

## အသီးများတွင်

အပေါက်ငယ်လေးများ၊ အသီးပုံသဏ္ဌာန်မမှန်ခြင်းများ၊ အသီးပေါ်၌ စားထားသောလက္ခဏာများ တွေ့မြင်နိုင်ပြီး ၎င်းမှတဆင့် အခြားရောဂါများဝင်ရောက်နိုင်သည်။










# ဘက်စုံဖျက်ပိုးစီမံခန့် ခွဲခြင်း

Tuta absoluta ကို ထိရောက်စွာရေရှည်ကာကွယ်နှိမ်နှင်းနိုင်ရန်အတွက်


## ကြိုတင်ကာကွယ်ခြင်း။ လုပ်ဆောင်ရန် နည်းလမ်းများ



သီးနှံစိုက်ကွင်းနှင့် ပိုး၏နောက်ခံ အကြောင်းအရင်းကို စစ်ဆေးရမည်။



သီးလှည့်စိုက်ပျိုးရမည်။




ပျိုးပင်များကို ဆန်ကာပိုက်ဖြင့်ဖုံး အုပ်ထားရမည်။




ပုလဲမြေသြဇာ လွန်ကဲစွာအသုံးပြုခြင်းကို ရှောင်ရှားရမည်။

## စောင့်ကြည့်စစ်ဆေးခြင်း။ စစ်ဆေးရန် နည်းလမ်းများ




စိုက်ခင်းကို နေ့စဉ် စောင့်ကြည့် စစ်ဆေးရမည်။



မရွေ့ စိုက်မီ စေးကပ်သောထောင်ချောက်များ (သို့ ) ဆွဲဆောင်သောဟော်မုန်းများ အသုံးပြု၍ စစ်ဆေးရမည်။

## Tuta absoluta (တူတာအက်(ဘ်)စိုလူတာ) ပိုးကျရောက်လာပါက ဖြေရှင်းရန်နည်းလမ်းများ

» ရောဂါရသောအရွက်နှင့် အသီးများကိုဖယ်ရှား ဖျက်ဆီးခြင်း
» ပေါင်းမြက် ရှင်းပေးခြင်း
» မီးထောင်ချောက်များ၊ ဆွဲဆောင်မှုရှိသောဟော်မုန်းများ အသုံးပြု၍ ပိုးထောင်ချောက်များထားရှိခြင်း
» တမာ နှင့် Bacillus thuringiensis ကဲ့သို့ သဘာဝဆေးများအသုံးပြုခြင်း
» ဓာတုပိုးသတ်ဆေးများ အလှည့်ကျဖျန်းပေးခြင်း




# ပိုးသတ်ဆေးအုပ်စုများ၏ ပြုမူဆောင်ရွက်ပုံသည် Tuta absoluta ပိုးကို ဟန့်တားနိုင်သည်။

| တူတာအက်(ဘ်)စိုလူတာကို နှိမ်နင်းနိုင်သော ပိုးသတ်ဆေးအုပ်စုများ (IRAC) | | |
|---|---|---|
| ဆေးအုပ်စု | ဆေးအမျိုးအစား | ဆေးအစစ်များ (ဥပမာ) |
| ၅ | စပိုင်နိုစင် | စပိုင်တိုရမ်၊ စပိုင်နိုစက် |
| ၆ | အဘာမက်တင်၊ မိုင်လ်ဘီမိုင်စင် | အဘာမက်တင်၊ အီမာမက်တင်ဘန်ဇိုအိတ် |
| ၁၁ | ၁၁ | *Bacillus thuringiensis aizawai, Bacillus thuringiensis kurstaki* |
| ၁၃ | ပရိုင်ရိုးလ်စ် | ကလိုဖန်နပ် |
| ၁၈ | ဒိုင်အာဆိုင်လ်ဟိုက်ဒရာဇင်း | ခရိုမာဖန်နိုဇိုက်၊ မီသောက်စီဖန်နိုဇိုက်၊ တတ်ပြူဖန်နိုဇိုက် |
| ၂၂ အေ | အောက်စာဒိုင်ယာဇင်း | အင်ဒိုဇာကပ် |
| ၂၂ ဘီ | စီမီး-ကာဘာဇုမ်း | မက်တာဖလူမီဇုမ်း |
| ၂၈ | ဒိုင်ယာမိုက် | ကလိုရိုထရမ်နေလီပရိုးလ်၊ ဖလူဘမ်ဒိုင်ယာမိုက် |
| အုပ်စုအမည်မသိ | တက်ထရာနော်ထရီတာပန်နို့က် | အဇာဒီယာခိုင်တင် |

*ပိုးသတ်ဆေးများမှတ်ပုံတင်ထားခြင်းရှိ၊ မရှိကိုအစဉ်အမြဲသေချာစွာစစ်ဆေးပါ။

## ပိုးသတ်ဆေးသုံးစွဲမှု နမူနာပုံစံ

### အုပ်စုမတူသောဆေးများဖြင့် အလှည့်ကျ သုံးစွဲပါ။




# ပိုးသတ်ဆေးများကို ထိရောက်လုံခြုံစွာ အသုံးပြုခြင်း




အကာအကွယ်ပစ္စည်းများ ဝတ်ဆင်သုံးစွဲပါ။




ရာသီဥတုကောင်းမွန်သော အချိန်တွင် ဆေးဖျန်းပါ။




ကောင်းမွန်သောဆေးဖျန်း ခေါင်းကို အသုံးပြုပါ။




ဆေးဖျန်းပြီးပါက ကောင်းမွန်စွာဆေးကြောပါ။


**References:**
AVRDC, 2016. https://avrdc.org/download/publications/from_the_field/technol/Tuta-revised-flyer.pdf
IRAC, 2014. http://www.irac-online.org/documents/tuta-absoluta-irm-booklet/
Tuta absoluta information network. http://www.tutaabsoluta.com/ipmcrsp



**Photo sources:** Mr. Marvin Martin, Product Development Support, East-West Seed Tanzania, Mr. Pankaj Paratey, Seed Technology Manager/Dy Seed Production Manager, East-West Seed India and Lysette Lacambra, Technical Coordinator, EWS Knowledge Transfer



***http://guides.eastwestseed.com***

EWSF မှထွက်ရှိသော စိုက်ပျိုးနည်းလမ်းညွှန်များမှ တစ်စိတ်တစ်ပိုင်းဖြစ်ပါသည်။@East West Seed Foundation ၏ ၂၀၁၈ မူပိုင်ခွင့်။ နည်းပညာဆိုင်ရာထောက်ခံချက်များနှင့်ပက်သက်၍ Wageningen University & Research နှင့်အတူ ပူးပေါင်းဆောင်ရွက်သည်။

WAGENINGEN UNIVERSITY & RESEARCH